# မာတိကာ


ဒေါက်တာခင်အေး (မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်) ၏ အမှာ ၉

နိဒါန်း ၁၁

စကားပြေကဏ္ဍ ၁၃

၁။ စကားပြေဟန် (ဒေါက်တာခင်အေး) ၁၅

၂။ စကားပြေကောင်းလက္ခဏာများ၏ အရေးပါမှုအစဉ် (ဒေါက်တာခင်အေး) ၂၅

၃။ စကားပြေအရေးအသားလေ့လာချက် ရှုထောင့်အချို့ (ဦးဇော်မြင့်) ၃၇

၄။ သုတစကားပြေနှင့် ရသစကားပြေ (ဒေါက်တာခင်အေး) ၆၁

၅။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စကားပြေဟန် (ဒေါက်တာခင်အေး) ၇၃

၆။ လယ်တီစကားပြေတွင် တွေ့ရသော ဖွင့်ဆိုရှင်းပြရေးနည်း (ဦးသက်တင်နှင့် ဒေါ်ခင်နွဲ့နွဲ့) ၈၃

၇။ စကားပြေတွင် စာပိုဒ်ခွဲခြင်း၏ အခန်းကဏ္ဍ (ဒေါက်တာခင်အေး) ၉၇

၈။ သံခိပ် (ဝေဖန်ရေးမှတ်ချက်အချို့) (ဦးဇော်မြင့်) ၁၀၇

၉။ သံခိပ်အရျက်များ မှတ်သားခြင်း (ဦးဇော်မြင့်) ၁၁၁

ပြဇာတ်ကဏ္ဍ ၁၁၅

၁။ ပြဇာတ်ရေးစီးကြောင်း (ကိုမောင်မောင်ကြီး) ၁၁၇

၂။ ရှေးပြဇာတ်နှင့် ခေတ်ပြဇာတ် (ဒေါက်တာဒေါ်စုစုနွယ်) ၂၁၇

၃။ တိုင်းပြည်အကျိုးပြုပြဇာတ်တစ်ပုဒ် (ဒေါ်ခင်စမ်းနွယ်) ၂၂၇

ကဗျာကဏ္ဍ ၂၃၉

၁။ မြန်မာပို့များ၏ခရီးစဉ် (ဦးသန်း) ၂၄၁

၂။ သံဝရပို့အပြောက်အမွမ်း (ဒေါက်တာခင်အေး) ၂၅၃

၃။ ဦးဖျော်၏ ချေင်းလက်ရာ (ဦးသန်း) ၂၅၉

၄။ မိတ္ထီလာကန်တော်ဖွဲ့ မော်ကွန်းများ လေ့လာချက် (ဒေါ်ယဉ်ယဉ်ထွန်း) ၂၇၅





၅။ ဒေဘာလယ် (ဦးမောင်မောင်တင်) ၂၈၇

၆။ ရှင်ဥတ္တမကျော်၏ တောလား (ဒေါ်တင့်စိန်) ၂၉၅

၇။ ယဉ်ကျေးမှုထင်ဟပ်ချက် လေးချိုးအချို့ (ဦးဟုန်ဝမ်) ၂၉၉

၈။ ပါတော်မူကဗျာအချို့ကို လေ့လာခြင်း (ဒေါ်ခင်ညွန့်) ၃၀၅

ဝတ္ထုကဏ္ဍ ၃၂၃

၁။ ၁၉၂၀ ဝန်းကျင် မြန်မာဝတ္ထုတိုများ (ဦးတင်ရွှေ) ၃၂၅

၂။ ပဒေသရာဇ်ခေတ် မြန်မာဝတ္ထုရှည်ခရီး (ဦးဖိုးကျော်မြင့်) ၃၃၇

၃။ မြန်မာကာလပေါ်ဝတ္ထုဖြစ်ပေါ်လာပုံလေ့လာချက် (ဦးသိန်းဟန်) ၃၄၅

၄။ ဦးပုညဝတ္ထုတိုများနှင့် လူ့သဘာဝအမြင် (ဦးလှမြင့်) ၃၆၉

၅။ သိပ္ပံမောင်ဝ၏ ခေတ်စမ်းဝတ္ထုတိုများ လေ့လာချက်အကျဉ်း (ဦးလှမြင့်) ၃၇၇

၆။ သခင်ကိုယ်တော်မှိုင်းနှင့် ဇာဇ (ဦးဟုန်ဝမ်) ၃၈၉

၇။ မွှေစေတီဝတ္ထု (ဦးဟုန်ဝမ်) ၃၉၅

ဆောင်းပါးကဏ္ဍ ၃၉၉

၁။ မြန်မာ့ဆောင်းပါးစာပေ (ဦးလှမြင့်) ၄၀၁

၂။ ဗေယျာ၏ စာပေဆောင်းပါးများ (ဒေါက်တာခင်အေး) ၄၀၇

၃။ ဗေယျာ၏ မြန်မာမှုဆောင်းပါးများ (ဒေါက်တာခင်အေး) ၄၂၃

စာပေသဘောတရားနှင့် စာပေဝေဖန်ရေးကဏ္ဍ ၄၃၃

၁။ ၂၀ ရာစုခေတ်ဦး မြန်မာစာပေ၏ ထူးခြားချက်နှစ်ရပ် (ဦးသိန်းဟန်) ၄၃၅

၂။ ပဒုမ္မရာဇာပုဒ်နှင့် အလင်္ကာဓေါသ ပြဿနာ (ဦးကျော်ဆန်း) ၄၆၅

၃။ အလင်္ကာကျမ်းများကို ခြေရာခံခြင်း (ဒေါက်တာခင်အေး) ၄၇၉

၄။ ဥပစာသဘော (ဦးခွေရ) ၄၉၀

၅။ နီတိပုံပြဿနာ (ဦးမြဝင်း) ၄၉၉

၆။ ရသပညာရှင် ဆုဆန်လင်ဂါ၏ သင်္ကေတဝါဒ (ဦးဇော်လင်း) ၅၁၁

၇။ ပို့ကဗျာများတွင် ထင်ဟပ်သော အင်းဝခေတ် စီးပွားရေး (ဒေါက်တာတိုးလှ) ၅၁၉

၈။ ပို့ကဗျာများတွင် ထင်ဟပ်သော အင်းဝခေတ် လူမှုရေး (ဒေါက်တာတိုးလှ) ၅၂၇

၉။ အင်းဝခေတ် အုပ်ချုပ်ရေး ပျို့ထောင်မှုကာလ (ဒေါက်တာတိုးလှ) ၅၄၃





၁၀။ အင်းဝခေတ် ကိုးကွယ်ယုံကြည်မှု (ဒေါက်တာတိုးလှ) ၅၅၃

၁၁။ ရှေးခေတ်လွှတ်တော်နှင့် မင်းမှုထမ်းများ (ဦးဝင်းမောင်) ၅၆၁

၁၂။ ရှေးခေတ်လွှတ်တော်နှင့် လိုက်နာဆောင်ရွက်ချက်များ (ဦးဝင်းမောင်) ၅၇၃

၁၃။ ရှေးခေတ် မြန်မာစာပေဝေဖန်ရေး (ဦးသန်း) ၅၈၅

၁၄။ သိပ္ပံမောင်ဝ၏ သရော်စာတစ်ပုဒ် (ဦးတင်ရွှေ) ၆၀၃

၁၅။ မြန်မာစကားပုံနှင့် ဆိုရိုးများ ဖြစ်ထွန်းတိုးပွားပုံ (ဦးအောင်သန်း) ၆၁၁

၁၆။ ပုဂံခေတ် ကြေးမုံတစ်ချပ် (ဒေါ်ခင်သောင်းယဉ်) ၆၁၉

အထွေထွေကဏ္ဍ ၆၂၃

၁။ ရှေးခေတ် ပညာရှိရွှေ့ပွဲ (ဦးချမ်းမြ) ၆၂၅

၂။ ရတုစာဆို ပဲခူးမိဖုရား (ဒေါ်မိမိလေး) ၆၃၁

၃။ အင်းဝခေတ် ပညာရေးရေ့ဆောင် (ဦးဝင်းမွန်) ၆၃၉

၄။ ကင်းဝန်မင်းနှင့် သာကဝန်ကျောင်းတော် (ဦးချမ်းမြ) ၆၄၇

၅။ သခင်ကိုယ်တော်မှိုင်း၏ ကလောင်စွမ်းရည် (ဦးတိမ်ကြည်) ၆၅၅

၆။ ဦးလတ်၏ ဘဝနှင့် စာပေ (ဒေါ်ယဉ်ယဉ်ထွန်း) ၆၇၃

၇။ မျိုးချစ်စာဆို ဦးအောင်ကြီး (ဦးတင်ရွှေ) ၆၇၉

၈။ လယ်သမားစာဆို ဦးဩနှင့် အဖြည့်ခံ မုရင်းစပါး (ဒေါ်စီစီဝင်း) ၆၈၅

၉။ လယ်တီဒီပနီကျမ်းများ၏ ဦးတည်ချက် (ဦးသက်တင်နှင့် ဒေါ်ခင်နွဲ့နွဲ့) ၆၉၁

၁၀။ တိုင်းရင်းသားချစ်ကြည်ရေးနှင့် စာပေအမြင် (ဦးလှမြင့်) ၇၀၁

၁၁။ ထိုးကွင်းမင်ကြောင်နှင့် မြန်မာမှုအမြင် (ဦးလှမြင့်) ၇၁၁

၁၂။ မြန်မာစောင်းကောက် (ဦးချစ်ဖေ) ၇၁၉

၁၃။ ပန်းစံပယ် (ဦးဘိုသင်း) ၇၃၉

၁၄။ အနိုင်အရှုံး (ဒေါ်မာလေး) ၇၄၇

၁၅။ ညှိနှိုင်းခြင်း၏ ရလဒ် (ဒေါ်သန်းဆွေ) ၇၅၅


## ဒေါက်တာခင်အေး (မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်) ၏
## အမှာ

တက္ကသိုလ်ပညာပဒေသာစာစောင်သည် ၁၉၆၆ ခုနှစ်တွင် စတင်ပေါ်ထွက်ခဲ့ပြီး အနစ် နှစ်ဆယ်မျှ သက်တမ်းရှည်ခဲ့သော ပညာရပ်စာစောင် တစ်စောင် ဖြစ်ပါသည်။

တက္ကသိုလ်ပညာရပ်များကို မြန်မာဘာသာဖြင့် သင်ကြားရာတွင် အထောက်အကူဖြစ်စေရန် ဟူသော အချက်သည် ထိုစာစောင်ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်တစ်ခု ဖြစ်သည်။ ထိုရည်ရွယ်ချက်နှင့်အညီ ဝိဇ္ဇာသိပ္ပံ ပညာရပ် အသီးသီးနှင့် သက်ဆိုင်သောဆောင်းပါးများ၊ သုတေသနစာတမ်းများကို စာစောင်တွင် ထည့်သွင်း ဖော်ပြထားသည်။ ရေးသားသူများသည် တက္ကသိုလ်အသီးသီး၏ ပါမောက္ခချုပ်များ၊ ပါမောက္ခများမှစ၍ နည်းပြ သရုပ်ပြများအထိ တက္ကသိုလ်ဆရာကြီးများ၊ ဆရာငယ်များ၊ ပြင်ပပညာရှင်များသာမက ထူးချွန်သော ဘွဲ့လွန် ဘွဲ့ကြို ကျောင်းသားများအထိ ပါဝင်ကြသည်။

တက္ကသိုလ်ပညာပဒေသာစာစောင်ကို အစပိုင်းတွင် တစ်နှစ်လျှင် လေးကြိမ် ထုတ်ဝေရာမှ နောက်ပိုင်းတွင် ဝိဇ္ဇာစာစောင်နှင့် သိပ္ပံစာစောင်ဟူ၍ နှစ်မျိုးခွဲပြီး တစ်နှစ်လျှင် ခြောက်ကြိမ်စီ ထုတ်ဝေသည်အထိ ကျယ်ပြန့်လာခဲ့ သည်။ တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအတွက် များစွာအထောက်အကူပြုသော ပညာရပ်စာစောင်တစ်စောင် ဖြစ်သည်။ မြန်မာဘာသာဖြင့် ရေးသားသောစာများဖြစ်သည့်အတွက် လေ့လာသူ များ အခက်အခဲမရှိဘဲ လေ့လာနိုင်ကြသည်။

ယခုဆိုလျှင် တက္ကသိုလ်ပညာပဒေသာစာစောင် ရပ်နားသွားသည်မှာ နှစ် ၃၀ ကျော်မျှ ရှိပါပြီ။ တကြည့်တိုက် အချို့တွင်မှလွဲ၍ စာစောင်များကို ပြည့်ပြည့်စုံစုံ တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန် ခက်ခဲနေပါပြီ။

ဤသို့သောအခြေအနေတွင် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ လုပ်ငန်းတစ်ခုအဖြစ် တက္ကသိုလ်ပညာပဒေသာစာစောင်မှ မြန်မာစာပေဆိုင်ရာဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါ သည်။ ရှေးခေတ်မှ မျက်မှောက်ခေတ်အထိ ပေါ်ထွန်းခဲ့သော မြန်မာစာပေများမှ ကောင်းနိုးရာရာများကို မြန်မာ စာပေပညာရှင်များက ရှုထောင့်အမျိုးမျိုးမှ လေ့လာရေးသားထားသော ဆောင်းပါးများ၊ သုတေသနစာတမ်းများ ဖြစ်ပေရာ လေ့လာသူများအတွက် မှတ်သားစရာ၊ ကိုးကားစရာအဖြစ် ဝမ်းပန်းတသာကြိုဆိုအပ်သော စာအုပ် တစ်အုပ်ဖြစ်သည်ဟု ဆိုပါရစေ။

ဒေါက်တာခင်အေး
မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်